WILL of GOD
316

# ဘုရားအလိုတော်ကို မည်သို့ သိနိုင်မည်နည်း

*“သင်တို့သည် လောကီပုံသဏ္ဌာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာ တည်းဟူသော ဘုရားသခင် အလိုတော်ရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဌာန် ပြောင်းလဲခြင်းသို့ ရောက်ကြလော့။”* ရောမ ၁၂:၂

ဘုရားသခင်၏ အလိုတော်ကို သိရှိခြင်းနှင့် လုပ်ဆောင်ခြင်းသည် အလွန်ပင် အရေးပါလှသည်။ အသက်တာထဲတွင် ခရစ်တော်နှင့် သဏ္ဌာန်တူရမည်။ ယေရှုက *“ငါသည် ကိုယ်အလိုသို့ လိုက်ခြင်းငှါ ကောင်းကင်မှဆင်းသက်သည်မဟုတ်။ ငါ့ကို စေလွှတ်တော်မူသော သူ၏ အလိုတော်သို့လိုက်ခြင်းငှါ ဆင်းသက်၏”* ဟု ယောဟန် ၆:၃၈ တွင် မိန့်တော်မူသည်။ ဘုရားသခင်၏ အလိုတော်အားလုံးလိုလိုသည် ယုံကြည်သူများထံ ထပ်တူစပ်ဆိုင်ပါသည်။ သို့ရာတွင် ဘုရားသခင်သည် ယုံကြည်သူတစ်ဦးစီအတွက် သီးခြားအလိုတော်လည်း ရှိထားသည်။ ထိုအရာကို သင်၏နေ့စဉ်အသက်တာထဲတွင် သူနှင့်အတူ သစ္စာရှိစွာ လျှောက်လှမ်း ကြီးထွားလာသည့်အခါ အလိုတော်ကို တဖြည်းဖြည်းချင်း ဖွင့်ပြပေးပါသည်။ ထိုအခါ သင်သည် ဘုရားသခင်၏ အလိုတော်ကို သိလာနိုင်ပါသည်။ သင့်အား ထိုအရာ သိမြင်နားလည်နိုင်စွမ်းကိုလည်း ပေးသနားလိမ့်မည်။ သုတ္တံ ၃:၅-၆ ထဲတွင် *“ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဥာဏ်ကို အမှီမပြုနှင့်။ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက် ပြုလော့။ သို့ပြုလျှင်၊ သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်”* ဟု ဖော်ပြထားသည်။ သမ္မာကျမ်းစာအားဖြင့် ဘုရားသခင်၏ ယေဘုယျအလိုတော်ကို သိနိုင်ပါသည်။ ယုံကြည်သူတစ်ဦးစီအတွက် ဘုရားသခင်၏ သီးခြားအလိုတော်ကိုမူ သူ၏ နှုတ်ကပတ်တော်နှင့် သစ္စာရှိစွာ နာခံတတ်သော အသက်တာတို့မှ ဆန့်ကျင်ဘက်မဖြစ်ဘဲ သဟဇာတဖြစ်မှုကို ခွဲခြားသိမြင်နိုင်ပါသည်။ ထိုသို့သော နာခံခြင်းမှ ဘုရားသခင်၏ အလိုတော်ကို ပိုင်းခြားသိမြင်၍ နာခံလိုက်လျှောက်နိုင်ပါသည်။ ထိုသို့သိမြင်ခြင်းငှာ ဖခမည်းတော်ထံ တောင်းခံပါ။ သူ၏နှုတ်ကပတ်တော်၊ ဉာဏ်ပညာ၊ ဘုရားလူများနှင့် သူပေးသော ငြိမ်သက်ခြင်းထဲမှ လမ်းပြမှုကို ခံယူပါ။ ဤသည် ဘုရားသခင်၏ အလိုတော် ဖြစ်ကြောင်း သိမှတ်သည့်အခါ သူ့ထံပါး အပြည့်အဝ နာခံလိုက်ပါ။

**ဘုရားသခင်၏ ယေဘုယျအလိုတော်။** ဘုရားသခင်၏ ယေဘုယျအလိုတော်ကို သမ္မာကျမ်းစာရှိ ပညတ်ချက်များ၊ အခြေခံမူများနှင့် ပုံသက်သေများထဲတွင် တွေ့နိုင်ပါသည်။ သမ္မာကျမ်းစာသည် သင့်အသက်တာထဲတွင် ဘုရားသခင်၏ အလိုတော်ကို သိနိုင်မည့် ပင်မအရင်းအမြစ်လည်း ဖြစ်ပါသည်။ ထို့ကြောင့် ဆာလံ ၁၁၉:၁၀၅ က *“နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏”* ဟု ဆိုထားပါသည်။

၁. ပညတ်ချက်များ။ ကျမ်းစာထဲတွင် ယုံကြည်သူအားလုံး စောင့်ထိန်းရမည့် ပညတ်များစွာ ဖော်ပြထားပါသည်။ ဥပမာအားဖြင့်၊ *“အစဉ်မပြတ် ဝမ်းမြောက်ခြင်းရှိကြလော့။မခြားမလပ် ဆုတောင်းပဌာနပြုကြလော့။ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ အကြောင်းမူကား၊ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ၊ ယေရှုခရစ်၌ ဘုရားသခင် အလိုတော် ရှိ၏”* (၁ သက်သာလောနိတ် ၅:၁၆-၁၈)၊ *“ဘုရားသခင်၏ အလိုတော် ဟူမူကား၊ သင်တို့သည် မတရားသောမေထုန်ကို ကြဉ်ရှောင်၍ သန့်ရှင်းစေခြင်း”* (၁ သက်သာလောနိတ် ၄:၃) တို့ဖြစ်ကြပါသည်။ ယေရှုကလည်း *“ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့်ရှောက်ကြလော့”* ဟု ယောဟန် ၁၄:၁၅ ထဲတွင် မိန့်တော်မူသည်။ ထို့ကြောင့် ကျမ်းစာလာသည့် ပညတ်များ၏ နောက်ခံအကြောင်းကို ဂဃနဏ နားလည်ထားရန်လည်း လိုအပ်လှပါသည်။ ကမ္ဘာဦး ၆:၁၄ ထဲတွင် ဘုရားသခင်က နောဧကို သင်္ဘော တည်ဆောက်စေရန် မိန့်မှာခဲ့သည်။ သို့ရာတွင် သင့်အား ထိုသို့လုပ်ဆောင်ရန် မိန့်တော်မူမည် မဟုတ်ပါ။ ဓမ္မရာဇဝင် ဒုတိယစောင် ၂:၁ ထဲတွင် ဘုရားသခင်က ဒါဝိဒ်အား ယုဒရှင်ဘုရင်အဖြစ် ဘိသိက်ခံယူခြင်းငှာ ဟေဗြုန်မြို့သို့ သွားရောက်ရန် မိန့်တော်မူခဲ့သည်။ သို့သော်လည်း၊ သင့်အား ထိုအတိုင်း ပြုစေရန် မိန့်တော်မူမည် မဟုတ်ပါ။ ထို့ကြောင့် ပညတ်ချက်တစ်ခုစီကို ၎င်း၏ နောက်ခံအကြောင်းအရာနှင့် သီးခြားခွဲထုတ်၍ အဓိပ္ပာယ်အလွဲကောက်ယူရမည် မဟုတ်ပါ။

၂. အခြေခံမူများ။ ကျွန်ုပ်တို့ လိုက်လျှောက်ရမည့် ဝိညာဉ်ရေးရာ အခြေခံမူများစွာကို ကျမ်းစာထဲတွင် ဖော်ပြထားပါသည်။ လုကာ ၁၆:၁-၁၃ ထဲတွင် ကောင်းသော ဘဏ္ဍာစိုးအဖြစ် အသက်ရှင်ခြင်းဆိုင်ရာ အခြေခံမူကို ဖော်ပြထားပါသည်။ လုကာ ၁၄ ၏ အဆုံးပိုင်းတွင် တပည့်တော်ဖြစ်ခြင်း၏ အဖိုးအခပေးဆပ်ရမှုကိုလည်း ဖော်ပြထားသည်။ ထို့ပြင် လုကာ ၁၅ ရှိ ပုံဥပမာသုံးခုတွင် ပျောက်သောသူတို့ကို ရှာဖွေခြင်းဆိုင်ရာ အခြေခံမူကို တွေ့ရပါသည်။ ထို့ကြောင့် သင်သည် ထိုအခြေခံမူများနှင့် သမ္မာကျမ်းလာ အခြားသော အခြေခံမူများကို လိုက်နာတတ်စေပါ။

၃. ပုံသက်သေများ။ သမ္မာကျမ်းစာရှိ ပညတ်ချက်များနှင့် အခြေခံမူများသည် အသက်တာအတွက် ဘုရားသခင်၏ ယေဘုယျအလိုတော်ကို လမ်းညွှန်ပေးပါသည်။ ထို့ပြင် ကျမ်းစာထဲတွင် လိုက်နာရမည့် ပုံသက်သေများစွာ ပါဝင်သည်။ အကောင်းဆုံး ပုံသက်သေမှာ ယေရှုခရစ်၏ အသက်တာပင်ဖြစ်သည်။ ယေရှုသည် တပည့်တော်များ၏ ခြေကို ဆေးကြောပြီးမှ *“ငါသည် သင်တို့၌ပြုသကဲ့သို့ သင်တို့သည်ပြုစုစေခြင်းငှါ ပုံသက်သေကို ပြခဲ့ပြီ”* ဟု ယောဟန် ၁၃:၁၅ တွင် မိန့်တော်မူသည်။ ကျွန်ုပ်တို့သည် ဖိလိပ္ပိ ၂:၃-၅ ထဲရှိ ယေရှု၏ နှိမ့်ချခြင်း စံနမူနာကို လိုက်နာရမည်။ သူ၏ခြေလှမ်းအတိုင်းပင်၊ *“သင်တို့ကို ခေါ်တော်မူပြီ၊ ခရစ်တော်သည် ငါတို့အတွက် ခံတော်မူ သည်ဖြစ်၍၊ ခြေတော်ရာကို ရှောက်လိုက်စေခြင်းငှါ ပုံသက်သေကို ထားတော်မူပြီ”* (၁ ပေတရု ၂:၂၁)။ *“ထိုသခင်၏ စကားတော်ကို နားထောင်သောသူ မည်သည်ကား၊ ဘုရားသခင်ကို ချစ်ခြင်းမေတ္တာနှင့် အမှန်ပြည့်စုံ၏။ ငါတို့သည် သခင်၌ရှိကြောင်းကို ထိုသို့အားဖြင့်သိရကြ၏။ ထိုသခင်၌ ငါတည်၏ ဟုဆိုသောသူသည်၊ ထိုသခင်ကျင့်တော်မူသည်နည်းတူ ကျင့်ရမည်”* (၁ ယောဟန် ၂:၅-၆)။

**သတိပေးချက်။** ဘုရားသခင်သည် မုသာနှင့်ကင်းစင်တော်မူသည်ဟု ဆာလံ ၁၁၉:၁၆၀ တွင် ဖော်ပြထားပါသည်။ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်ကို ဆန့်ကျင်စေ၍ မိန့်တော်မူလိမ့်မည် မဟုတ်ပါ။ ဖေက် ၄:၁၁-၁၄ ထဲတွင် ယေရှုက ကျွန်ုပ်တို့ကို မွမ်းမံပြင်ဆင်စေခြင်းငှာ ခေါင်းဆောင်များကို ပေးထားသည်ဟု ဆိုပါသည်။ သို့သော်လည်း ၁ တိမောသေ ၄:၃-၄ အရ မှားယွင်းသော မိစ္ဆာဆရာများလည်း များစွာ ရှိပါသည်။ ဘုရားသခင်က သူ၏နှုတ်ကပတ်တော်ကို ဆန့်ကျင်၍ လုံးဝမိန့်တော်မူလိမ့်မည် မဟုတ်သည်ကို အသေအချာ ယုံကြည်ပါ။ ဘုရားသခင်က ထိုသို့ မပြုလုပ်တတ်ပါ။ အကယ်၍ အသင်းတော်ရှိ ခေါင်းဆောင်တစ်ပါးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဆန့်ကျင်စေသည့် သင်ကြားချက်ကို ပြောဆိုလာပါက၊ ထိုအရာသည် မှားယွင်းသော သွန်သင်ချက်ပင် ဖြစ်ပါသည်။

**ဘုရားသခင်၏ သီးခြားအလိုတော်။** ဘုရားသခင်သည် ယုံကြည်သူတစ်ဦးစီအတွက် သီးခြားအလိုတော် ရှိထားပါသည်။ ၎င်းကို ဆာလံ ၃၂:၈ နှင့် သုတ္တံ ၃:၅-၆ တို့တွင် ဖော်ပြထားပါသည်။ ထို့ကြောင့် ဘုရားသခင်၏ ယေဘုယျအလိုတော်ကို ဦးစွာနာခံပါ။ ထို့နောက် သူ၏ သီးခြားအလိုတော်ကို သိရှိခြင်းငှာ ဘုရားသခင်ထံ စိတ်နှလုံးအပြည့်အဝ တောင်းခံပါ။ သူ၏နှုတ်ကပတ်တော်၊ ဉာဏ်ပညာ၊ ဘုရားလူများနှင့် သခင်ပေးသောငြိမ်သက်ခြင်းတို့မှ ထိုအဖြေကို ရှာဖွေပါ။

**တောင်းလျှောက်ခြင်း။** ဒါဝိဒ်မင်းကြီး ဆုတောင်းသကဲ့သို့ *"အလိုတော်သို့ လိုက်စေမည်အကြောင်း သွန်သင် တော်မူပါ"* ဟု ဆုတောင်းရပါမည် (ဆာလံ ၁၄၃:၁၀)။ ကောလောသဲ ၁:၁၀ ထဲတွင်၊ တမန်တော်ပေါလုသည်လည်း ကောလောသဲမြို့၌ရှိသော ယုံကြည်သူများအတွက် *"ဘုရားသခင်ကို သိသော ဉာဏ်တိုးပွါးခြင်း ရှိသဖြင့်"* တိုးပွားပြည့်စုံစေရန် ဆုတောင်းပေးခဲ့သည်။ မိမိကိုယ်တိုင်နှင့် တပါးသူများအတွက် ဘုရားအလိုတော်ကို သိရှိပြီး လိုက်လျှောက်နိုင်ခြင်းငှာ စိတ်အားထက်သန်မှု အပြည့်ဖြင့် ဆုတောင်းရမည်။

**လမ်းပြမှု ခံယူခြင်း။** ဘုရားသခင်သည် သူ၏ သီးခြားအလိုတော်ကို နှုတ်ကပတ်တော်၊ ဉာဏ်ပညာ၊ ဘုရားလူများနှင့် သူပေးသော ငြိမ်သက်ခြင်းတို့ဖြင့် ဖွင့်ပြတတ်ပါသည်။ အလိုတော်ကို ဖွင့်ပြစေခြင်းငှာ ဘုရားသခင်ထံ တောင်းခံပါ။ အောက်ပါအချက်များအားဖြင့် သင်၏ဆုတောင်းသံကို ဘုရားသခင် အဖြေပေးပါသည်။

၁. သူ၏နှုတ်ကပတ်တော်။ ပုံမှန်ကျမ်းစာလေ့လာခြင်း၏ အကျိုးဆက်မှာ ဘုရားသခင်၏ သီးခြားအလိုတော်ကို သိရှိခြင်း ဖြစ်လာသည်။ နှုတ်ကပတ်တော်ထဲမှ ဉာဏ်ပညာနှင့် နားလည်နိုင်စွမ်းကို ရရှိသည့်အခါ အသက်တာထဲတွင် ဘုရားသခင်၏ အလိုတော်သည် ရှင်းလင်းစွာ ထင်ရှားလာပါမည်။ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်နှင့် ဆန့်ကျင်ဘက်ဖြစ်စေမည့်နည်းလမ်းဖြင့် ပို့ဆောင်လမ်းပြလိမ့်မည် မဟုတ်ပါ။

၂. သူ၏ ဉာဏ်ပညာ။ ဘုရားသခင်၏ ဉာဏ်ပညာသည် ဝိညာဉ်ရေးရာ နာခံမှုရှိခြင်းမှ လာသည်ဟု ၁ ကောရိန္သု ၂:၁၄-၁၅ တွင် ဖော်ပြထားပါသည်။ ရောမ ၁၂:၂ တွင်လည်း၊ *"သင်တို့သည် လောကီပုံသဏ္ဌာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာ တည်းဟူသော ဘုရားသခင်အလိုတော်ရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဌာန် ပြောင်းလဲခြင်းသို့ ရောက်ကြလော့"* ဟုဆိုထားပါသည်။ ထို့ကြောင့် ယာကုပ် ၁:၅ တွင် ဘုရားသခင်ထံ ဉာဏ်ပညာကို တောင်းခံရမည်အကြောင်း၊ *"သင်တို့တွင် တစုံတယောက်သောသူသည် ပညာကိုလိုလျှင်၊ ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ၊ ခပ်သိမ်းသော သူတို့အား စေတနာစိတ်နှင့်ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ၊ တောင်းလျှင် ရလိမ့်မည်"* ဟုဖော်ပြထားပါသည်။

၃. ဘုရားသခင်၏ လူများ။ ဘုရားသခင်၏ အလိုတော်ကို နားလည်ခြင်းငှာ ဘုရားလူများက အဓိကအရင်းအမြစ်လည်း ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို သမ္မာတရားအတိုင်း ဟောပြောသွန်သင်သူ သို့မဟုတ် ရေးသားသူများထံမှ အကူအညီရယူနိုင်ပါသည် (ကောလောသဲ ၁:၂၈)။ ရင့်ကျက်သော ယုံကြည်သူများထံမှ အကြံဉာဏ်ရယူခြင်းသည်လည်း ကောင်းမွန်သောအမှု ဖြစ်သည်။ အကြံပေးသူအများ ရှိခြင်းက ကောင်းမွန်ကြောင်း၊ *"တိုင်ပင်ခြင်းမရှိလျှင် အကြံပျက်တတ်၏။ တိုင်ပင်သော သူများလျှင်မူကား၊ အကြံတည်တတ်၏"* ဟု သုတ္တံ ၁၅:၂၂ ထဲတွင် ဖော်ပြထားသည်။ ဝိညာဉ်ရေးရာ ရင့်ကျက်သော ယုံကြည်သူများသည် အမှားကင်းသူများ မဟုတ်သော်လည်း ဘုရားအလိုတော်ကို ပိုင်းခြားသိမြင်ခြင်းငှာ သင့်အား လေးနက်သော အမြင်ကို ပေးစွမ်းနိုင်ကြပါသည်။

၄. ဘုရားပေးသောငြိမ်သက်ခြင်း။ ဘုရားသခင် ပေးသော ငြိမ်သက်ခြင်းသည် သူ၏သီးခြား အလိုတော်ကို နောက်ဆုံးအတည်ပြုပေးသည့် သက်သေလည်း ဖြစ်ပါသည်။ ကောလောသဲ ၃:၁၅ တွင် *"သင်တို့စိတ်နှလုံးအထဲ၌ ခရစ်တော်၏ ငြိမ်သက်ခြင်း အုပ်စိုးစေ"* ဟုဖော်ပြထားပြီး၊ ဖိလိပ္ပိ ၄:၇ တွင်လည်း *"ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်"* ဟုဆိုထားပါသည်။ ထိုငြိမ်သက်ခြင်းသည် ဆုတောင်းခြင်း၊ ကျမ်းစာလေ့လာခြင်း၊ ဝိညာဉ်ရေးရာ ဉာဏ်ပညာရှိခြင်းနှင့် ရင့်ကျက်သော အကြံပေးသူများ၏ အမြင်များကို ခံယူပြီးနောက် မိမိ၏ ဆုံးဖြတ်ချက်အပေါ် ဘုရားပေးသည့် လေးနက်သော ဖြောင့်မတ်သည့် ခံစားချက် ရရှိခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားပေးသော ငြိမ်သက်ခြင်းကို ရှာဖွေ၍ စောင့်ဆိုင်းပါ။

**လက်တွေ့လုပ်ဆောင်ခြင်း။** ဘုရားသခင်၏ အလိုတော်အတိုင်း တောင်းလျှောက်သည့် အခါတွင်လည်း ပေါလု၏ အသက်တာကဲ့သို့ ဘုရားသခင်၏ အဖြေသည် *"မပေးသေး"* ဟူ၍လည်း ဖြစ်နိုင်ပါသည် (၂ ကောရိန္သု ၁၂:၇-၁၀)။ ထိုသို့မဟုတ်ဘဲ *"စောင့်ဆိုင်းလော့"* ဟူ၍လည်း ဖြစ်နိုင်ပါသည်။ ဟေရှာယ ၄၀:၃၁ တွင်ဖော်ပြချက်အရ ဘုရားသခင်၏အဖြေတွင် *"စောင့်ဆိုင်းလော့"* ဟူသည် ကြီးမားသော ကောင်းချီးမင်္ဂလာ ဖြစ်စေပါသည်။ ဘုရားသခင်၏ အဖြေမှာ *"ပေးမည်"* ဟူ၍ဖြစ်သောအခါ အလိုတော်သည် ခက်ခဲသော်ငြားလည်း၊ လူတို့အကြိုက်မဟုတ်သော်ငြားလည်း သို့တည်းမဟုတ် အဖိုးအခပေးရသော်ငြားလည်း ထိုအတိုင်းလုပ်ဆောင်ရမည်ပင် ဖြစ်ပါသည်။ ဆာလံ ၄၀:၈ နှင့် ဧဖက် ၆:၅-၆ ထဲတွင် ပါရှိသည့်အတိုင်း အလိုတော်ကို စိတ်နှလုံးထဲမှာ အားရဝမ်းမြောက်လျက် ဆောင်ရွက်ရမည်။ ခရစ်ယာန်အမည်ခံ၍ သွန်သင်နေသော အတုအယောင် အဖြေများကို အထူးသတိပြုပါ။ ဘုရားသခင်၏ အလိုတော်ဖြစ်ကြောင်း အသေအချာ သိမှတ်သည့်အခါ လုံးဝဥဿုံ နာခံလိုက်ပါ။

---

*ဘုရားအလိုတော်ကို မည်သို့ သိနိုင်မည်နည်း* © 2026 ခုနှစ်ထုတ်၊ John D. Morris III ရေးသားသော စာအုပ်ကို Acts One Eight မှ ထုတ်ဝေသည်။ ရေးသားချက်အကြောင်းအရာ အပြည့်အစုံကို ဖြည့်စွက် ပြောင်းလဲပြင်ဆင်ခြင်းမရှိလျှင် လွတ်လပ်စွာ ပုံနှိပ်ခြင်း၊ ကူးယူခြင်း၊ ပို့စ်တင်ခြင်း၊ အီးမေးလ်ပို့ခြင်း သို့မဟုတ် စာတိုပို့ခြင်းတို့ ပြုလုပ်နိုင်ပါသည်။ စာမျက်နှာ (၁) ထိပ်ဆုံးတွင် သင်၏သာသနာ၊ အသင်းတော်အမည်၊ လိုဂိုတံဆိပ်တို့ကို ထည့်သွင်း၍၊ စာမျက်နှာ (၂) အောက်ခြေလိုင်းရှိ မျဉ်းအထက်တွင် ဆက်သွယ်ရန်လိပ်စာကို ထည့်သွင်းထား နိုင်ပါသည်။ WillofGod316.org သည် သမ္မာကျမ်းစာ တစ်ခုတည်းကိုသာ အခြေခံထားပြီး၊ ယုံကြည်သူများကို ဘုရားသခင်၏ အလိုတော်အား သိမြင်နိုင်စေရန် ကူညီပံ့ပိုးပေးလျက်ရှိ ပါသည်။ Acts One Eight သို့ အီးမေးလ်ပေးပို့လိုပါက (အင်္ဂလိပ်ဘာသာဖြင့်သာ) Hello@Mail316.org သို့ပေးပို့နိုင်ပါသည်။ ဘာသာပြန် ဝန်ဆောင်မှုကို www.ChristianLingua.com မှပံ့ပိုးပေး ထားပါသည်။ *ဘုရားအလိုတော်ကို မည်သို့ သိနိုင်မည်နည်း* ကို www.WillofGod316.org တွင် ဘာသာစကားပေါင်း ၄၈ မျိုးဖြင့် အခမဲ့ ရရှိနိုင်ပါသည်။ အင်္ဂလိပ်ဘာသာအတွက် ကျမ်းပိုဒ်ကိုးကားချက်များသည် The Lockman Foundation ၏ New American Standard Bible 1995 ထဲမှ ကောက်နှုတ်ထားပါသည်။ ဤဘာသာပြန်တွင် ကျမ်းပိုဒ်ကိုးကားချက်များသည် ယုဒသန်သမ္မာကျမ်းစာ ထဲမှ အသုံးပြုပါသည်။